## ၃ လပြည့်ခဲ့ပေမယ့် သံဃာတွေ ဆက်လက် ကံဆောင်နေဆဲ၊ ရန်ကုန်မှာ စစ်တပ်ရက်စက်ခဲ့တဲ့ VCD အခွေတွေဖြန့် ၅ ဒီဇင်ဘာ ၂၀၀၇

ပတ္တနိက္ကုဇ္ဇနကံဆောင်သပိတ်မှောက်ပွဲစတင်ခဲ့တဲ့ နေရာလို့ပြောနိုင်တဲ့ ပခုက္ကူမြို့မှာတော့ သံဃာတော်တွေရိုက်နှက်ခံရမှု (၃) လပြည့်သွားပေမယ့် ပခုက္ကူသံဃာတွေရဲ့ အာဏာပိုင်တွေအပေါ် ကံဆောင်သပိတ် မှောက်မှုက မပြီးသေးတဲ့အကြောင်း ပခုက္ကူသံဃာတော်တစ်ပါးကမိန့်ကြားပါတတယ်။ ဘယ်လိုကံဆောင်သပိတ် မှောက်ကြတာလဲ၊ နောက်ပြီးသံဃာထုရဲ့လှုပ်ရှားမှု ဓါတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတွေ ရန်ကုန်မြို့မှာပြန့်နေတယ် ဆိုတာကရော ဘယ်လိုဖြစ်တာလဲ ဦးသိန်းထိုက်ဦး က တင်ပြပေးထားပါတယ်။

ဒီသီတင်းပတ်ထဲမှာပဲ ပခုက္ကူမှာရှိတဲ့ ကျောင်းတွေကို အာဏာပိုင်တွေက ဆန်အိတ်တွေလှူဒါန်းခဲ့ပါတယ်။ ပခုက္ကူ မဟာဝိသုဒ္ဓါရာမအလယ်တိုက်ကတော့ အာဏာပိုင်အဖွဲ့အစည်းတွေ လာပြီးလှူဒါန်းတဲ့ ဆန်အိတ်တွေကို သူတို့က လက်မခံဘူးတော့မဟုတ်ဘူးဗျ၊ လက်ခံပြီးတော့ မသုံးဆောင်ပဲနဲ့ ဆင်းရဲနွမ်းပါးတဲ့သူတွေကို ပြန်ပေးလိုက်တယ်လို့ ပခုက္ကူမြို့ခံ သံဃာတော်တပါးက မိန့်ကြားပါတယ်။ ဒါ့အပြင် လာမယ့် တပေါင်းလလောက်မှာ ကျင်းပမယ့် စစ်အစိုးရရဲ့ ပထမပြန်နဲ့ ပါဠိဘာသာတွေဖြေဆိုဖို့အတွက် အခုသံဃာတော်တွေ မှတ်ပုံတင်လျှောက်လွှာတွေမှာ ပြန်ပြီးတော့ပို့ရမှာကိုလည်း ပခုက္ကူသံဃာတော်တွေက ပြန်ပြီးတော့ လက်မှတ်ထိုးပြီးတော့ မပေးကြသေးပါဘူး။ (၃) လရှိသွားပေမယ့် အာဏာပိုင်တွေနဲ့ ကံဆောင် သပိတ်မှောက်ရေးက ရှိနေတုံးဘဲလို့ ပခုက္ကူမြို့ခံ သံဃာတော်တပါးက အခုလိုမိန့်ကြားပါတယ် –

> "မထိုးဘူး ဒကာကြီး၊ တော်တော်များများက ဦးဇင်းကြားရသလောက်တော့ လုံးဝမထိုးဘူး ဒကာကြီးရဲ့၊ ဟိုတနေ့ကတော့ လှူတာတွေ့လိုက်တယ်ဒကာကြီးရဲ့၊ ဆန်အိတ်တွေလေ၊ အဲဒါတွေလေ တိုက်ကတော့ ဆင်းရဲတဲ့လူတွေကို ဝေပစ်လိုက်တယ်၊ ပြီးခဲ့တဲ့ ၃–၄ ရက်ကပဲ။"

ပြီးခဲ့တဲ့ (၃) လ၊ စက်တင်ဘာလလတုံးက ပခုက္ကူမြို့မှာ သံဃာတော်တွေကို အာဏာပိုင်တွေက သတိပေးပစ်ခတ်နှိမ်နင်းခဲ့ပြီးတော့ သံဃာထုနဲ့ လူထုအကြားမှာ ဒေါသတွေဖြစ်ခဲ့ကြပါတယ်။ ပခုက္ကူဝိသုဒ္ဓါရုမ မန္တလေးတိုက်ကနေ အရှေ့ကိုချီတက်လာတဲ့ သံဃာတော်အပါး ၅၀၀ လောက်ကို အာဏါပိုင်တွေက သတိပေးပစ်ခတ်နှိမ်နင်းခဲ့ပြီးတော့ တချို့သံဃာတော်များကို ဓါတ်တိုင်မှာ ကြိုးချည်ရိုက်ခဲ့တယ်ဆိုတဲ့ကြောင့်လည်း မြန်မာပြည်သူလူထုက တော်တော်လေးအံ့အားသင့်ခဲ့ကြပါတယ်။ အဲဒီနေ့တုံးက ပခုက္ကူမြို့က သံဃာတော်တွေနဲ့ မြို့ခံတွေ ဗွီအိုအေကို ဘယ်လိုများပြောခဲ့ကြသလဲ နားဆင်ကြည့်ရအောင်ပါ –

> "မီးပွိုင့်လမ်းဆုံကနေပြီးတော့ စစ်တပ် တပ်စိတ် နှစ်စိတ်စာလောက်ရှိမယ်၊ အဲဒီကနေပြီးတော့ ထောင်ပစ်တယ်၊ လူအုပ်ကို ဆယ်ချက်လောက် ထောင်ပစ်တယ်၊ ထောင်ပစ်ပြီးတော့ အောက်ကနေပြီးတော့ ဝင်ဖမ်းတယ်၊ ဒင်တွေဘာတွေနဲ့ ရိုက်နှက်တယ်ပေ့ါနော်၊ ခေါင်းတွေဘာတွေ၊ ဦးဇင်းတို့ကျောင်းက တပါးကို၊ အဲဒီမှာ မိသွားပြီးပေ့ါနော် သူတို့ ဓါတ်တိုင်မှာကြိုးတုတ်ထားတာတွေ့တယ်ပေ့ါနော်၊ ဒကာ၊ ဒကာမတွေကျန်းမာဖို့၊ ချမ်းသာဖို့ အဲလိုမေတ္တာသုတ်ကလေးတွေရွတ်တာပေ့ါ၊ မေတ္တာပို့တာပါ။ မင်းကွန်းဆရာတော်ကြီးရဲ့ အရပ် ရှစ်မျက်နှာ တိဿပရနမေတ္တာပို့၊ ဒါလေးတွေကိုမေတ္တာပို့ရွတ်ကြတာပါ။ ဟိုကောင်နှစ်ကောင်၊ ဟိုကောင် နှစ်ကောင် လိုက်ဖမ်းဆိုပြီးတော့ အဲဒီစွမ်းအားရှင်တွေက ဘုန်းကြီးနှစ်ပါးကို ဓါတ်တိုင်မှာကြိုးတုတ်ပြီး ရိုက်တယ်ခင်ဗျ၊ ရိုက်တဲ့လူက အဲဒီ အမှတ် (၁) ထဲက စွမ်းအားရှင် နှစ်တစ်ခင်မောင်ဝင်းဆိုတာ နာမည်ကကို အတိကျ ပြောနိုင်တယ်ဗျ။"

ဒါကတော့ ပြီးခဲ့စက်တင်ဘာလ ၅ ရက်နေ့ လွန်ခဲ့တဲ့ (၃) လ ပခုက္ကူမြို့မှာဖြစ်ပွားခဲ့တဲ့ သံဃာတွေရဲ့ လှုပ်ရှားမှုနဲ့ ပတ်သက်ပြီးတော့ သံဃာတော်တွေ ဗွီအိုအေကို ပြောပြခဲ့တာပါ။ ဒီသံဃာထုကို အာဏာပိုင်တွေက ပြန်လည်တောင်းပန်ဖို့ တောင်းဆိုခဲ့ပေမယ့်လည်း မြန်မာစစ်အစိုးရဘက်က ဒီနေ့အထိ ဝန်ချတောင်းပန်တာမျိုးကိုတော့ ဒီနေ့အထိမကြားရသေးပါဘူး။ ဒီလှုပ်ရှားမှုကစပြီး မြန်မာနိုင်ငံမှာ ဓမ္မနဲ့ အဓမ္မစည်းခြားသွားပြီလို့ ဒီ

စက်တင်ဘာလအတွင်း သံဃာထုရဲ့ ပတ္တနိက္ကုဇ္ဇနသပိတ်မှောက်ကံဆောင်ပွဲတွေပေါက်ခဲ့တာပါ။ အခုတော့ ဒီကံဆောင်တဲ့ သပိတ်ကြားမှာ အာဏာပိုင်တွေဘက်က အကြမ်းဖက်နှိမ်နင်းခဲ့တဲ့ ဓါတ်ပုံတွေ၊ လုံထိမ်းတပ်ဖွဲ့ဝင်တွေရိုက်နှက်တဲ့ ဗွီဒီယိုမှတ်တမ်းတွေ၊ ရုပ်မြင်သံကြားကနေပြသခဲ့တာတွေကို တချို့က ရန်ကုန်မြို့မှာ ဗွီစီဒီအနေနဲ့ပြန်ပြီးတော့ ဖြန့်နေကြတယ်လို့ ရန်ကုန်မြို့ခံတွေကပြောပါတယ်။ စောစောပိုင်းတုံးက ဂြိုလ်တုဆက်သွယ်ရေးရုပ်မြင်သံကြားကတဆင့် ကြည့်ခွင့်ရခဲ့ပြီး အခုတော့ လူထုကြားမှာ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ကြည့်နိုင်အောင်အတွက် ဒီလို ဗွီစီဒီတွေကို ဖြန့်နေတာလို့လည်းပြောပါတယ်။ စီးပွားရေးအရ ငွေကြေးနဲ့ရောင်းတာမဟုတ်အကြောင်း ရန်ကုန်မြို့ခံတယောက်က အခုလိုပြောပါတယ် –

> “ပုံတွေကတော့ အဲလိုပုံသေတွေများတယ်လေ၊ ပထမတော့ အဲဒီကြေးသွန်းဘုရားကြီးရှေ့မှာ ဘုန်းကြီးတွေ ဖြစ်တဲ့ဟာပါတယ်။ နောက် ဂျပန်သတင်းထောက်ပစ်သတ်ခံရမှုမှတ်တမ်းဆိုပြီး အဲဒီဟာပါတယ်။ အယ်ဂျာဇီးယား က လွှင့်ထားတဲ့ဟာတွေကို လုပ်ထားတာများတယ်။ ဖိုင်နှစ်ဖိုင်အနေနဲ့ အဲလိုလုပ်ထားတာလေ၊ တော်တော် များများကြည့်ရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အခု သူတို့ဖြန့်တဲ့ပုံစံက ဒဂုံမြို့နယ်ဆိုရင် သူတို့ ၅ ခွေ ဖြန့်လိုက်တယ်၊ အဲဒီကနေ ဆင့်ပွားပေ့ါနော်။ ထပ်ထပ်ပြီးတော့ အများကြီးထပ်ဖြန့်တာပေ့ါ။ လိုရင်သူတို့ ကူးပြီးတော့မှ သူတို့ကူးပြီးယူတာလည်းရှိတယ်။ ကူးပြီး ပေးလိုက်တာတွေလည်းရှိတယ်၊ အဲလိုမျိုးအများကြီးပဲဗျ၊ တော်တော်များများတော့ကြည့်ရမှာပါ။”

ဒါကတော့ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း သံဃာထုနဲ့ လူထုလှုပ်ရှားမှုတွေ ဓါတ်ပုံ၊ ဗွီဒီယိုမှတ်တမ်းတွေ ရန်ကုန်မြို့မှာ ဗွီစီဒီအနေနဲ့ဖြန့်နေတဲ့အကြောင်း ရန်ကုန်မြို့ခံတယောက်က ပြောသွားတာပါ။